ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၅၆ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
( ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် )

**စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရေး ဦးစီးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေး (4th BIMSTEC National Security Chiefs' Meeting) ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် **"စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်<br>မြန်မာနိုင်ငံ၏အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စွမ်းအင်ဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ဍ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(ဏ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့

(တ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ပြည်ထဲရေးဝန်ကြီးဌာန

(ထ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
နိုင်ငံခြားရေးဝန်ကြီးဌာန

၂။ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေး ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းကော်မတီနှင့် အထောက်အကူပြုအဖွဲ့များအား ဖွဲ့စည်းဆောင်ရွက်သွားရန်၊

(ခ) အစည်းအဝေးတွင် ဆွေးနွေးရမည့် အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များ (Issues) နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များကို ပြုစုတင်ပြရန်၊

(ဂ) လုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဃ) လိုအပ်သည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲရာတွင် အလေအလွင့်မရှိစေရေး ကြီးကြပ်သွားရန်၊

(င) သတ်မှတ်ထားသည့်လုပ်ငန်းများကို အချိန်မီပြီးစီးရေးအတွက် ကြီးကြပ်ကွပ်ကဲရန်၊

(စ) ဆွေးနွေးရမည့် ဘာသာရပ်ခေါင်းစဉ်များအလိုက် လိုအပ်ပါက ဦးစီးကော်မတီဝင်များကို ဖြည့်စွက်ဖွဲ့စည်းနိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်သွားရန်၊

(ဆ) စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး ကျင်းပပြုလုပ်ပြီးပါက လုပ်ငန်းပြီးစီးမှု အစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြသွားရန်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၄ - ၅ - ၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၂ / ၂၀၂၂ နှင့် ၂၅ - ၅ - ၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၉ / ၂၀၂၂ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး